# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၁၃)

## ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုံသဏ္ဌာန် နှင့် အနှစ်သာရ

ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို ချဉ်းကပ်တဲ့အခါမှာ ပုံသဏ္ဌာန်နှင့် အနှစ်သာရဆိုပြီး နှစ်ပိုင်းရှိပါတယ်။ ဒီနှစ်ခုလုံးဟာ တခုနဲ့တခု အပြန်အလှန်ဆက်စပ်မှုရှိပေမယ့် အနေအထားခြင်းကတော့ မတူပါဘူး။ ပုံသဏ္ဌာန်ဟာ အနှစ်သာရကို အကျိုးသက်ရောက်မှု ရှိတာမှန်ပေမယ့် ပုံသဏ္ဌာန်အပေါ်ကို မူတည်ပြီး အနှစ်သာရကို ရှာဖွေရတာ မျိုးမဟုတ်။ အနှစ်သာရကို အခြေခံပြီး အဲဒီအနှစ်သာရကို ဖေါ်ဆောင်ပေးမယ့် ပုံသဏ္ဌာန်ကို တည်ဆောက်ရတာဖြစ်ပါတယ်။ တနည်းအားဖြင့် ဘယ်လိုလူ့ အဖွဲ့အစည်းမျိုးတည်ဆောက်ခြင်တယ်ဆိုတဲ့ အနှစ်သာရပိုင်းကိုရှင်း အောင် အသေအချာလေ့လာပြီးမှ ဖေါ်ဆောင်ခြင်တဲ့ တိုင်းပြည်ပုံသဏ္ဌာန်ကို ချမှတ်ရတာမျိုးပါ။ အဲသလို ချမှတ်ထား တဲ့အပေါ် အခြေခံပြီးတော့မှ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရတာဖြစ်ပါတယ်။

နှစ်ဆယ့် တစ်ရာစုနှစ်ရဲ့ အစပိုင်းကိုရောက်လာနေပြီဖြစ်တဲ့ သည်ကနေ့ လိုကာလမျိုးမှာ ဘယ်လိုလူ့အဖွဲ့ အစည်းမျိုးကိုတည်ဆောက်ခြင်တယ်ဆိုတဲ့ အနှစ်သာရပိုင်းစဉ်းစါးချက်မျိုးဟာ လွန်ခဲ့တဲ့နှစ် ရာပေါင်းများစွာက အနေအထား မျိုးမဖြစ်သင့်တော့ပါဘူး။ သာဓက အားဖြင့်ပြောရမယ်ဆိုရင် ဒီမိုကရေစီနိုင်ငံတခုကို တည်ဆောက်သွားမယ် လို့ ပြောရုံနဲ့မလုံလောက်တော့တာ အမှန်ပါဘဲ။ ဒီမိုကရေစီ လို့ပြောရုံနဲ့ တိုင်းပြည်မှာရင်ဆိုင်ကြုံတွေ့နေရတဲ့ ဇဖ ပါး ရောဂါဝေဒနာတွေ အားလုံးပျောက်သွားလိမ့်မယ် လို့ယူဆနေတဲ့ အိပ်မက်ကနေ နိုးထသင့်တဲ့ အချိန်လဲရောက်နေပါပြီ။ လွန်ခဲ့တဲ့နှစ် ရာပေါင်းများစွာမှာ ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံတွေကို ပေါင်းချုပ်လေ့လာသုံးသပ်ပြီး မိမိတို့နိုင်ငံနဲ့ လူ့ အဖွဲ့ အစည်း အနာဂါတ်အတွက် ဘယ်လို ဒီမိုကရေစီမျိုးကိုဖေါ်ဆောင် ကျင့်သုံးသွားမယ်ဆိုတာကို ချမှတ်နိုင်မှသာ လူထုအတွက် လက်တွေ့အကျိုးဖြစ်ထွန်းမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို မွေးဖွားပေး နိုင်မှာဖြစ်ပါတယ်။

အင်္ဂလန်ရယ်လို့ လူသိများကြတဲ့ ဗြိတိန်နိုင်ငံကို ဒီမိုကရေစီရဲ့ မိခင်ကြီးအဖြစ် တင်စါးပြောကြလေ့ရှိတယ်။ အဲဒီမှာ ပင်မအကျဆုံးအချက်ကတော့ လူထုက ရွေးချယ်တင်မြှောက်ခြင်းခံရသူတွေနဲ့ ဖွဲ့စည်းထားတဲ့ ပါလီမန်ရဲ့ အချုပ်အခြာအာဏာပိုင်စိုးမှု ဖြစ်တယ်။ အင်္ဂလိပ်ဘာသာနဲ့ Parliamentary Sovereignty လို့ခေါ်ကြပါတယ်။ ဗြိတိန်နိုင်ငံမှာ ပါလီမန်ဟာ တပြည်လုံးမှာ ဩဇာအာဏာအမြင့်ဆုံးကျင့်သုံးခဲ့တယ်။ ခွေးကို လူဖြစ်အောင်မလုပ်နိုင်၊ လူကို ခွေးဖြစ်အောင် မလုပ်နိုင်တာကလွဲလို့ ဗြိတိန်ပါလီမန် မလုပ်နိုင်တာဘာမှမရှိ၊ မကျင့်သုံးနိုင်တဲ့ အခွင့်အာဏာရယ်လို့ ဘာမှမရှိဆိုတဲ့ အထိတောင်မှ ပါလီမန်အချုပ်အခြာအာဏာပိုင်စိုးမှုရဲ့ ကြီးကျယ်မြင့်မားပုံကို တင်စါးပြောကလေ့ရှိခဲ့တယ်။

ဒီနေရာမှာ ပါလီမန်ရဲ့အချုပ်အခြာအာဏာပိုင်စိုးမှု ဆိုတာကို ဖွဲ့ စည်းပုံအခြေခံဥပဒေနဲ့အညီ အုပ်ချုပ်တဲ့စနစ် Constitutionalism နဲ့ ယှဉ်တွဲလေ့လာဘို့ လိုအပ်လာပါတယ်။ နှစ်ခုစလုံးဟာ ဒီမိုကရေစီကို သူ့နည်းသူ့ဟန်နဲ့ ကျင့်သုံးကြလို့ဘဲ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီအုပ်ချုပ်တဲ့စနစ်ဟာ အစိုးရအာဏာကို ကန့်သတ်တဲ့ စနစ်ဖြစ်ပါတယ်။ အစိုးရဆိုတာ တိုင်းပြည်တိုင်းအတွက် မရှိမဖြစ်လိုအပ်တဲ့ အရာပါ။ ဒါပေမယ့်၊ ဘယ်လိုအစိုးရမျိုးက အုပ်ချုပ်သည်ဖြစ်ပါစေ၊ တပြည်လုံးမှာရှိသမျှအာဏာအားလုံးကို ချုပ်ကိုင်ကျင့်သုံးမယ်ဆိုရင် လူထုအတွက်အကျိုးမရှိဘူးဆိုတာကိုတိုင်းပြည်အတော်များများမှာ တွေ့လာရတယ်။ ဒီအခါမှာ အစိုးရရဲ့ အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ကန့်သတ်အုပ်ချုပ်တဲ့စနစ်ကို ဖေါ်ဆောင်လာကြရတာ ပါဘဲ။ ဒီစနစ်ကို ကျယ်ကျယ် ပြန့်ပြန့် ကျင့်သုံးတဲ့ခေတ်ကို ရောက်လာတဲ့ အခါမှာတော့ တိုင်းပြည်တွေမှာ ပါလီမန်တခုထဲမှာ ဩဇာအာဏာ အမြင့်ဆုံးထားရှိမှုကို ဆန့်ကျင်လာကြတယ်။ ပါလီမန်ရဲ့ လုပ်ပိုင်ခွင့်အပေါ် ကန့်သတ်မှုတွေ ပြုလာကြတယ်။ ကန့်သတ်ပုံ ကန့်သတ်နည်းကတော့

ဒီလိုပါ။ လွတ်လပ်တဲ့တရားစီရင်ရေးစနစ်ကို အထူးပြုတည်ဆောက်တဲ့ အခြေခံကနေ ပါလီမန်အပါအဝင် နိုင်ငံရေးအရတာဝန်ရှိတဲ့ အာဏာပိုင်အဖွဲ့အစည်းတွေရဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေအပေါ် တရားစီရင်ရေးဆိုင်ရာက ပြန်လည်သုံးသပ်မှုတွေ ပြုလာတာဘဲ ဖြစ်ပါတယ်။ ဒါကို အင်္ဂလိပ်ဘာသာနဲ့ Judicial Review လို့ခေါ်ပါတယ်။ ဒီနေရာမှာ စံထားအသိအမှတ်ပြုလောက်တဲ့ တိုင်းပြည်ကတော့ အမေရိကန်ပြည်ထောင်စု ဖြစ်တယ်။ ခန့်အပ်ခံရတဲ့ ပုဂ္ဂိုလ်အချို့နဲ့ ဖွဲ့စည်းထားတဲ့ တရားရုံးချုပ်ဟာ လူထုကရွေးချယ်တင်မြှောက်ခံရသူတွေနဲ့သာ ဖွဲ့စည်းထားတဲ့ကွန်ဂရက်က အတည်ပြုလိုက်တဲ့ ဥပဒေတွေအပေါ် အကြိမ်ပေါင်းများစွာ ဆန်းစစ်ပြီး ပြန်လည်သုံးသပ်မှုတွေ ပြုခဲ့တာပါ။ အမေရိကန်ပြည်ထောင်စုရဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေအပေါ် နိုင်ငံရေးအရကြိုက်သူတွေ၊ မကြိုက်သူတွေ ရှိနိုင်ပါတယ်။ ဒါပေမယ့် အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်ရဲ့ လွတ်လပ်စွာတည်ရှိမှုကို အသိအမှတ် ပြုကြရတယ်။ ကွန်ဂရက်က ပြုလိုက်တဲ့ ဥပဒေတွေအပေါ် တရားစီရင်ရေးပိုင်းဆိုင်ရာကနေပြန်လည်သုံးသပ်တဲ့စနစ်ရဲ့ အောင်မြင်မှုအပေါ် တကမ္ဘာလုံးက လက်ခံကြရပါတယ်။

တရားစီရင်ရေးပိုင်းဆိုင်ရာ ဖွဲ့စည်းတည်ရှိမှုလွတ်လပ်ဘို့ ဘာကြောင့် အထူးပြုတည်ဆောက်ရတာပါလဲ။ အစိုးရအာဏာပိုင်တွေနဲ့ နိုင်ငံသားတွေအကြားမှာ ဖြစ်ပွားတဲ့မှုခင်းတွေနဲ့၊ အစိုးရအာဏာပိုင်အဖွဲ့အစည်းတွေ အချင်းချင်းအကြားမှာ ဖြစ်ပွားတဲ့မှုခင်းတွေအပေါ် ဘက်လိုက်မှုကင်းစွာ စီရင်နိုင်ဘို့ ဖြစ်တယ်။ အုပ်ချုပ်ရေး အာဏာပိုင်တွေ ရဲ့လုပ်ဆောင်ချက်တွေအပေါ် ကြပ်မတ်နိုင်ဘို့၊ ဥပဒေပြုအဖွဲ့ကနေ ပြုလိုက်တဲ့ ဥပဒေတွေအပေါ် ပြန်လည်သုံးသပ်မှု ပြုနိုင်ဘို့အတွက်လည်း ဖြစ်ပါတယ်။

ဒီကနေ့မှာ တရားစီရင်ရေးရဲ့ ပြန်လည်သုံးသပ်တဲ့ အခွင့်အာဏာကျင့်သုံးမှုကို ပြင်သစ်ကနေစပြီး တောင်အာဖရိကအထိ နိုင်ငံတွေအပါအဝင် ကမ္ဘာနဲ့ အဝှမ်း ဖေါ်ဆောင်လာကြပြီလို့ ပြောနိုင်ပါတယ်။ ဒီမိုကရေစီရဲ့ တတိယလှိုင်းရယ်လို့ တင်စားခေါ်ဝေါ်ပြီး ဒီမိုကရေစီ နိုင်ငံသစ်တွေအဖြစ်ပေါ်ပေါက်လာတဲ့ ယခင်အရှေ့ဥရောပတိုင်း ပြည်တွေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတွေကို ဒီသဘောအခြေခံနဲ့ တည်ထောင်လာကြတယ်။ ဥပဒေပြုအဖွဲ့တွေရဲ့ လုပ်ဆောင်မှုတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီမညီ အဲဒီတရားရုံးတွေကနေ ပြန်လည်သုံးသပ်မှုတွေ ပြုလာ နေကြပါပြီ။ ကာရစ်ဘီယန်က ဗြိတိသျှ ကိုလိုနီဟောင်းတိုင်းပြည်တွေဟာ ပါလီမန်ရဲ့ အချုပ်အခြာအာဏာပိုင်စိုးမှုဆိုတဲ့စနစ်ကို စွန့်လွှတ်သွားကြပြီဖြစ်တယ်။ ပါလီမန်ရဲ့ အချုပ်အခြာအာဏာပိုင်စိုးမှုကို မူလကစတင်ကျင့်သုံးခဲ့တဲ့ ဗြိတိန်နိုင်ငံမှာပင်လျှင် တရားစီရင်ရေးပိုင်းဆိုင်ရာရဲ့ အခန်းကဏ္ဍကို ပိုပိုတိုးပြီး လက်ခံလာရတာကို တွေ့ရတယ်။

ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံကြီးအဖြစ် အသိအမှတ်ပြုခံရတဲ့ အိန္ဒိယနိုင်ငံမှာ တရားရုံးချုပ်ဟာ တရားစီရင်ရေးပိုင်းဆိုင်ရာ ရဲ့ပြန်လည်သုံးသပ်မှု အခွင့်အာဏာကို ကျယ်ကျယ်ပြန့်ပြန့်သုံးတာ ကြာပြီဖြစ်တယ်။ တရုတ်ပြည်မှာ ကွန်ဖြူးရှပ်စ် အတွေးအခေါ်ဟာ တိုင်းပြည်ခေတ်မီရေးအတွက် အဟန့်အတားဖြစ်စေတယ်လို့ ယူဆခဲ့ရာကနေ အခုဆိုရင် အာရှစီးပွားရေးအောင်မြင်မှုကို ရှင်းပြတဲ့နေရာမှာ အသုံးပြုလာနေကြပါပြီ။ လွှမ်းမိုးအုပ်ချုပ်ပုံစနစ်မှာ အရည်အချင်းနဲ့ ပြည့်စုံလူတစု၊ ပါဝင်ရမယ်ဆိုတဲ့တရုတ်ရှေးဟောင်း အယူအဆဟာ တရားစီရင်ရေးပိုင်းဆိုင်ရာက၊ ပြန်လည်သုံးသပ်မှု အခွင့်အာဏာကို ကျင့်သုံးတဲ့သဘောမျိုးနဲ့ တူတယ်လို့၊ ထောက်ပြတဲ့ ပညာရှင်တွေရှိလာပါတယ်။

ထိုင်းနိုင်ငံမှာ ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေ အဟောင်းလို့ပြောရမယ့် ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာရော၊ ယခုလက်ရှိ ၂၀၀၇ ခုနှစ်မှာ ပြဋ္ဌာန်းလိုက်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါ တရားစီရင်ရေးရဲ့ အခန်းကဏ္ဍကို မြင့်မြင့်မားမား အသိအမှတ်ပြုထားပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ (၂၃) နေ့မှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာ ဝန်ကြီးချုပ်ဟောင်း တပ်ဆင် ကိုလိုလားထောက်ခံတဲ့ လူထုအာဏာပါတီ အနိုင်ရသွားပေမယ့် သူ့ကိုစွဲဆိုထားတဲ့ မှုခင်းတွေနဲ့ စပ်လျှဉ်းပြီး တရားရုံးတွေမှာ တပ်ဆင် ဟာဆက်လက်ရင်ဆိုင်နေရဦးမှာ အသေအချာဖြစ်ပါတယ်။

ကိုင်း ဒီလိုဆိုရင် မြန်မာနိုင်ငံမှာ ဒီမိုကရေစီ စနစ်အခြေခံကနေ တရားမျှတမှုကို အာမခံချက်ပေးနိုင်ဘို့၊ တိုင်းပြည်တည်ငြိမ်မှုကို အထောက်အပံ့ဖြစ်စေဘို့၊ အစိုးရအာဏာပိုင်တွေနဲ့ နိုင်ငံသားတွေအကြားမှာ ဖြစ်ပွားတဲ့ မှုခင်းတွေ၊ အစိုးရအာဏာပိုင်အဖွဲ့အစည်းတွေ အချင်းချင်းအကြားမှာ ဖြစ်ပွားတဲ့မှုခင်းတွေအပေါ် ဘက်လိုက်မှုကင်းစွာ စစ်ဆေးစီရင်နိုင်ဘို့၊ ဥပဒေပြုအဖွဲ့ကနေ ပြုလိုက်တဲ့ ဥပဒေတွေအပေါ် ပြန်လည်သုံးသပ်မှု ပြုနိုင်ဘို့ စတာတွေအတွက် ဘာလိုအပ်ပါသလဲ။ တရားစီရင်ရေးပိုင်းဆိုင်ရာ လွတ်လပ်စွာဖွဲ့စည်းတည်ရှိမှုဟာ ပထမလိုအပ်ချက်ပါ။ ဒါကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ အာမခံချက်ပေးထားဘို့ဖြစ်တယ်။ ပြီးတော့ အဲဒီလွတ်လပ်တဲ့ တရားရုံးတွေမှာ တရားစီရင်ရေးပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်တဲ့ အခွင့်အာဏာအပ်နှင်းထားဘို့က ဒုတိယ လိုအပ်ချက်ဖြစ်ပါတယ်။ နအဖ ရေးဆွဲချမှတ်ထားတဲ့ ဖွဲ့စည်းပုံမူတွေအပေါ် သည်အခြေခံတွေကနေ လေ့လာသုံးသပ်ဘို့ ပါဘဲ။

"ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး" ဆိုတာ နအဖ ချမှတ်ထားတဲ့ အဓိကကျတဲ့ မူတရပ်ဖြစ်တယ်။ ဆိုလိုတာက သတ်မှတ်ပြဌာန်းထားတဲ့ ဥပဒေများနဲ့ အညီ လွတ်လပ်စွာ တရားစီရင်နိုင်တယ်ဆိုတာကို ဖေါ်ပြထားတာပါ။ သာမန်လူထုတွေ ဖတ်ကြည့်မယ်ဆိုရင် ဒီမူဟာမသင့်တော်ဘူး လို့ငြင်းနိုင်ဘို့ ခက်ပါတယ်။ ဒါပေမယ့် အသေအချာ စဉ်းစားကြည့်ပါ။ "ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး" ဆိုတာဟာ **"တရားစီရင်ရေးပိုင်းဆိုင်ရာအနေနဲ့ လွှတ်တော်က ချမှတ်ပြဌာန်းထားတဲ့ ဥပဒေတွေအတိုင်းသာလျှင်တရားစီရင်ခွင့် ရှိတယ်။ လွှတ်တော်က ချမှတ် ပြဌာန်း ထားတဲ့ ဥပဒေတွေအပေါ် သုံးသပ်ခွင့် မရှိဘူး။"** လို့ ဆိုလိုတာသာဖြစ်တယ်။ တရားစီရင်ရေးပိုင်းဆိုင်ရာရဲ့ လွတ်လပ်စွာ ဖွဲ့စည်းတည်ရှိမှုကို အာမခံတဲ့ ပြဌာန်းချက်မှ မပါဘူး၊ တရားစီရင်ရေးပိုင်းဆိုင်ရာကို ပြန်လည်သုံးသပ်တဲ့ အခွင့်အာဏာ လွှဲအပ်ထားတာ မရှိဘူးဆိုတာ ရှင်းနေပါတယ်။

ဒီတော့ နအဖ ရဲ့ဖွဲ့စည်းပုံအရ ဆိုရင် အနာဂါတ် ဥပဒေပြု လွှတ်တော်မှာ ဘယ်လိုလူမျိုးတွေပါဝင်မလဲ ဆိုတာကို လေ့လာဘို့ လိုအပ်လာတယ်။ ဥပဒေပြုမယ့် ပြည်ထောင်စု လွှတ်တော်တခုလုံးရဲ့ လေးပုံတပုံဟာ စစ်တပ်ကကိုယ်စားလှယ်တွေဖြစ်နေပြီး၊ ကျန်တဲ့ လေးပုံတပုံဟာတော့ ကြံ့ဖွံ့ကိုယ်စားလှယ်တွေနဲ့ နအဖကို လိုလားတဲ့ တသီးပုဂ္ဂလကိုယ်စားလှယ်တွေ ဖြစ်ဘို့များပါတယ်။ ဒီအခါမှာ ဗေဒင်မေးစရာမလိုဘဲ သေချာနေတဲ့အချက်က နအဖရဲ့ ဖွဲ့စည်းပုံနဲ့ အညီပေါ်လာမယ့် လွှတ်တော်ဟာ မဆလ၊ နအဖ ခေတ်တလျှောက်လုံးမှာ ပြဌာန်းအတည်ပြု ကျင့်သုံးခဲ့တဲ့ ဖေါက်ပြန်တဲ့ ဥပဒေတွေကို ဘယ်တော့မှာ ရုပ်သိမ်းမှာ မဟုတ်ဘူးဆိုတဲ့ အချက်ပါဘဲ။ ဒီတော့ကာ ဒီဥပဒေတွေနဲ့ အညီ၊ တနည်းအားဖြင့် ဒီဥပဒေတွေကို ကိုင်စွဲပြီးတော့သာ အငြင်းပွားမှုတွေ ဖြေရှင်းရမယ်ဆိုရင် တိုင်းပြည်အုပ်ချုပ်ရေးအာဏာပိုင်တွေနဲ့ လူထုတွေအကြားမှာ ဖြစ်ပွားမယ့် မှုခင်းတွေအတွက် ဘယ်လိုမှ တရားမျှတမှုရှိစွာ ဖြေရှင်းဆောင်ရွက်နိုင်မှာ မဟုတ်ပါကြောင်း တင်ပြရင်း အခုတပတ်နိဂုံးချုပ်လိုက်ပါတယ်။